လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရကာ-၆(က)/မ-၁၂၁၈/၂၀၁၂(၅၂၂၁-)ဃ
ရက်စွဲ ၊၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ Icicle Foods Industrial Co., Ltd. မှ အချိုရည်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက် တင်ပြခြင်းကိစ္စ

၁။ မြန်မာကုမ္ပဏီ ဖြစ်သော Icicle Foods Industrial Co., Ltd. သည် ရင်းနှီးမြှုပ်နှံသူ ဦးအောင်လှိုင်ထွန်း အမည်ဖြင့် အသုံးပြုခွင့်ရရှိထားသော စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ နီလာရပ်ကွက်၊ ကွင်းအမှတ် (၇၈၅/၁၅၃၅)၊ ဦးပိုင်အမှတ် (ည/၁)၊ ပတ္တမြား စက်မှုဇုန် (၄)ရှိ မြေ (၅.၀၀)ဧက ရှိ မြေနှင့်အဆောက်အဦအား ငှားရမ်း၍ အချိုရည်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးအောင်လှိုင်ထွန်း (အဘ - ဒုတိယဗိုလ်မှူးကြီး ထွန်းမြင့်) မှ အဆိုပြု တင်ပြ လာပါသည်။

၂။ Icicle Foods Industrial Co., Ltd. အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ တို့သို့ သဘောထားများ တောင်းခံခဲ့ရာ အောက်ပါအတိုင်း သဘော ထား ပြန်ကြားလာပါသည်-

(က) **ကျန်းမာရေးဝန်ကြီးဌာန ။** အဆိုပါ လုပ်ငန်းသည် စက်မှုဇုန်တွင်တည်ရှိခြင်း၊ မြေနေရာ အကျယ်အဝန်း လုံလောက်မှု ရှိခြင်း ၊ စက်ရုံ အဆောက်အဦ တည်ဆောက် ထားမှု ကောင်းမွန်ခြင်း၊လုံလောက်သော ရင်းနှီးမြှုပ်နှံမှုပမာဏရှိခြင်းနှင့်လုပ်ငန်းဆောင်ရွက် ခွင့် ရရှိပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရန် ဝန်ခံ ကတိပြုထား သည်ကို စိစစ်တွေ့ရှိရ ပါကြောင်း၊ ရင်းနှီးမြှုပ်နှံခွင့် အား ကန့်ကွက်ရန် မရှိပါ ကြောင်း၊(__နောက်ဆက်တွဲ - က__)

(ခ) **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။** အဆိုပြုကုမ္ပဏီ၏ အချိုရည်ထုတ်လုပ်မှု လုပ်ငန်း များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ မှ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆောင်သော အဖွဲ့ဖြင့် ကွင်းဆင်း စစ်ဆေးခဲ့ ပါကြောင်း၊ အဆိုပါ ကွင်းဆင်းစစ်ဆေးချက် တင်ပြ လာမှုအပေါ် စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့ ၏ Cabinet ၏ (၇/၂၀၁၂) (၁၂-၃-၂၀၁၂)အစည်းအဝေးဆုံးဖြတ်ချက်အရကန့်ကွက်ရန်မရှိပါကြောင်း၊ **(__နောက်ဆက်တွဲ - ခ__)**

၃။ လျှပ်စစ်ဓါတ်အားကို မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ ရယူမည့်အပြင် ကိုယ်ပိုင်မီးစက် ဖြင့် ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီမှ တင်ပြထားပါသည်။

လျှို့ဝှက်

၄။ လုပ်ငန်း အဆိုပြုချက်ကို **(နောက်ဆက်တွဲ - ဂ)** ဖြင့် ဖော်ပြထားပါသည်။ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှ စုစုပေါင်း ကျပ် (၁၅၀.၀၀) သန်း ဖြစ်ပါသည်။ လုပ်ငန်း အတွက် လိုအပ်သော စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ (၀.၂၄၅)သိန်း ဖိုးကို ပြည်ပမှ ဝယ်ယူမည်ဖြစ်ကြောင်း နှင့် ပြည်တွင်းမှ ဝယ်ယူမည့် စက်ပစ္စည်းများ ကျပ် (၁၀၃.၈၄)သန်းဖိုး အား ဝယ်ယူပြီး ဖြစ်ကြောင်း တင်ပြထားပါသည်။

	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၁၅၀.၀၀၀ သန်း(US$၀.၂၄၅သိန်းအပါအဝင်)	
(က)	ငွေသား	၂၆.၈၇၆	
(ခ)	စက်ပစ္စည်းကိရိယာများ	၁၀၃.၉၈၇	(US$၀.၂၄၅ သိန်းအပါအဝင်)
(ဂ)	ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းများ	၁၂.၆၅၇	
(ဃ)	ကနဦးကုန်ကြမ်း	၆.၄၈၀	

၅။ အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်သည့်အချိုရည်များကို ပြည်တွင်းတွင် ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ် (၅ -နှစ်မြောက်) တွင် Soft Drink & Fruit Drink (၃၂၀) ပါကင်ထုတ်လုပ်မည်ဖြစ်ပြီး (၂၄) ပုလင်းပါဝင်သော (၁)ပါကင်ကို ကျပ်(၄၃၂၀)ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		ကျပ်(သန်း)
(က)	ဝင်ငွေ	၃၄၅.၆၀
(ခ)	အသုံးစရိတ်	၃၀၉.၄၉
(ဂ)	အသားတင်အမြတ်	၃၆.၁၁

၇။ နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ကုန်သွယ် လုပ်ငန်းခွန် ကျပ် (၃၄.၅၆) သန်း နှင့် ဝင်ငွေခွန် (၁၅.၄၇)သန်းရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း ၏ အရင်းကြေကာလ မှာ(၃)နှစ် (၄)လဖြစ်ပြီး အရင်း အနှီး အပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၂၂.၅၅) ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ လုပ်ငန်း ဆောင်ရွက်ရန် ပြည်တွင်းမှ လုပ်သား (၁၁၉) ဦး ခန့်ထားမည် ဖြစ်ပါသည်။ Waste Water Treatment နှင့်စပ်လျဉ်း၍ စက်ရုံ ၏ လုပ်ငန်းသဘာဝအရ ရေသန့်ကိုအဓိကထားအသုံးပြုရသည့်လုပ်ငန်း ဖြစ်၍ အသုံးပြုသော ကုန်ကြမ်းပစ္စည်းများမှာလည်း သဘာဝ ပစ္စည်းများ ဖြစ်ခြင်းကြောင့် ဓါတုဗေဒ အဆိပ်အတောက် မရှိဘဲ စွန့်ပစ်ရမည့် ရေသည်လည်း ညစ်ညမ်းမှု မရှိဘဲ စိုက်ပျိုးရေးတွင် တိုက်ရိုက်အသုံးပြုနိုင်သည့် စွန့်ပစ်ရေ အမျိုးအစားဖြစ်ခြင်း၊ ၎င်းရေကို သဘာဝနည်းလမ်းဖြင့် သန့်စင်၍ စက်ရုံ၏ ကုန်ကြမ်းဖြစ်သည့် ရှားစောင်းလက်ပတ် စိုက်ခင်းများ

တွင် အသုံးပြုခြင်းတို့ကြောင့် စက်ရုံနှင့် ပတ်ဝန်းကျင်သည် ညစ်ညမ်းမှုမရှိဘဲ စွန့်ပစ်ရေသည် လည်းသန့်စင်သည့် ရေဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးတွင်အသုံးပြုပါကြောင်း ကုမ္ပဏီမှ တင်ပြ ထားပါသည်။

၉။ ငွေကြေး အထောက်အထားအဖြစ် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်လှိုင်ထွန်း အမည်ဖြင့် ကမ္ဘောဇ ဘဏ် ရှိ (၁-၁၂-၂၀၁၁) နေ့ရှိ ငွေလက်ကျန် ကျပ်(၂၇၆.၂၀၅)သန်း ရှိကြောင်း တင်ပြထားပါသည်။သုံးစွဲရန် ငွေကျပ် (၄၆.၀၁) သန်း အတွက် ဘဏ်လက်ကျန် လုံလောက်မှုရှိကြောင်း နှင့် နိုင်ငံခြားငွေအထောက်အထားအဖြစ် MICB ရှိ ကုမ္ပဏီအမည်ဖြင့် (၆-၃-၂၀၁၂)နေ့ ငွေလက်ကျန် အမေရိကန်ဒေါ်လာ (၂၇၂၀၀) တင်ပြထားရာ ပြည်ပမှ စက်ပစ္စည်းများ တင်သွင်းရန် အမေရိကန်ဒေါ်လာ (၂၄၅၀၀) အတွက် လုံလောက်မှုရှိကြောင်း တင်ပြအပ်ပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်/ တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင် ထားရှိမည် ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဌာန်းထားသည့် စည်းကမ်းချက်များ ကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်းဝန်ခံ ကတိပြုထားပါသည်။

၁၁။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့်ကို လည်းကောင်း၊ ပုဒ်မ ၁၃ အရ အခွန်အကောက် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များကို လည်းကောင်း ခံစားခွင့်ပြုရပါမည်။

၁၂။ သို့ဖြစ်ပါ၍ Icicle Foods Industrial Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ နီလာရပ်ကွက်၊ ကွင်းအမှတ် (၇၈၅/၁၅၃၅)၊ ဦးပိုင်အမှတ် (ည/၁)၊ ပတ္တမြား စက်မှုဇုန် (၄)ရှိ မြေ (၅.၀၀)ဧက ရှိ မြေနှင့်အဆောက်အဦအား ငှားရမ်း၍ အချိုရည်ထုတ်လုပ်ခြင်း လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြခြင်းအပေါ် လမ်းညွှန်မှု ခံယူအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(အောင်နိုင်ဦး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်)

မိတ္တူ - ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၆မခ(ဆ)၂၀၁၂(၅၇၉)/၂၄၅၄
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ(၂၅)ရက်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **<u>သဘောထားမှတ်ချက်ပြန်ကြားခြင်း။</u>**

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၅-၁-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ရကာ-၆(က)/မ-၁၂၁၈/၂၀၁၂(၂၄၈-ခ)။

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ရေခဲတန်း စားသောက်ကုန် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ အချိုရည်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား ကျန်းမာရေးဆိုင်ရာရှုထောင့်နှင့် အခြားဆက်စပ်နေသော ကဏ္ဍဆိုင်ရာရှုထောင့်များမှ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းခဲ့ပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါလုပ်ငန်းသည် -

(က) စက်မှုဇုန်တွင် တည်ရှိခြင်း၊
(ခ) မြေနေရာအကျယ်အဝန်း လုံလောက်မှုရှိခြင်း၊
(ဂ) စက်ရုံအဆောက်အဦ တည်ဆောက်ထားမှု ကောင်းမွန်ခြင်း၊
(ဃ) လုံလောက်သော ရင်းနှီးမြှုပ်နှံမှုပမာဏ ရှိခြင်းနှင့်
(င) လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ရန် ခံဝန်ကတိပြုထားခြင်းတို့ စိစစ်တွေ့ရှိပါသည်။

၃။ သို့ပါ၍ အဆိုပါ ရေခဲတန်း စားသောက်ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အချိုရည် ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခွင့်အား ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက်ပေးပို့ပြန်ကြားအပ်ပါသည်။

(ဒေါက်တာဖေသက်ခင်)
ပြည်ထောင်စုဝန်ကြီး

မိတ္တူကို -
- ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့

တိကျ-မှန်ကန်-မြန်ဆန်-လုပ်

စာအမှတ်၊ ၂/၄-၁၆၀(၎၎၀)/ဦး၆
ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ မတ်လ ၁၃ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ ရေခဲတန်းစားသောက်ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ထုတ်လုပ်မည့် အချိုရည်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ထောက်ခံချက်ပေးပို့ခြင်း

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၅. ၁. ၂၀၁၂ ရက်စွဲပါစာအမှတ်၊ ရက-၆ (က)/မ-၁၂၁၈/၂၀၁၂ (၂၄၈-က)

၁။ ရေခဲတန်းစားသောက်ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့၊ နီလာရပ်ကွက်၊ကွင်းအမှတ်(၇၈၅/၁၅၃၅)၊ ဦးပိုင်အမှတ်(ည/၁)၊ပတ္တမြားစက်မှုဇုန်(၄)ရှိ မြေ(၅. ၀၀)ဧကတွင် အချိုရည်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိရေးအတွက် စိစစ်ထောက်ခံပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။

၂။ ရေခဲတန်းစားသောက်ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အချိုရည်ထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် ကွင်းဆင်းစိစစ်စေခဲ့ပါသည်။ အဆိုပါအဖွဲ့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ တင်ပြလာမှုအပေါ် (၁၂. ၃. ၂၀၁၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၂) ဆုံးဖြတ်ချက်အပိုဒ်(၃၁)အရ ရေခဲတန်းစားသောက်ကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ အချိုရည်ထုတ်လုပ်ခြင်းလုပ်ငန်းကို ကန့်ကွက်ရန်မရှိကြောင်း သဘောထားပေးပို့အပ်ပါသည်။

(ယုလွင်)
အတွင်းရေးမှူး

မိတ္တူကို

ရုံးလက်ခံ
မျှောစာတွဲ